# webcam ကို joystick အဖြစ် ဂိမ်းဆော့မယ်

ဒီလိုဗျာ joystick တွေသုံးပြီး ဂိမ်းဆော့ရတာက တော်တော်အရသာရှိတယ်လေ။ Wii ဂိမ်းတွေလိုပေါ့။ ပင်ပေါင်ရိုက်ဖို့အတွက် ဘက်တမ်ကို ကိုင်ပြီး အပြင်မှာ ရိုက်နေတဲ့အတိုင်း လှုပ်ရှားရရင် ပိုပြီး အရသာရှိတာပေါ့။ နောက်ပြီး ကားလက်ကိုင်လိုမျိုး ကိုင်ပြီး မောင်းရရင် ဂိမ်းက ပိုအသက်ဝင်တယ်လေ။ အခုက အဲလို joystick နဲ့ အဲ့လို game set တွေ မဝယ်ပဲ မိမိဝက်ကမ်ရှေ့မှာ လက်ထဲ ရှိတာတစ်ခုကို ကောက်ကိုင်ပြီး ဖြစ်စေချင်တဲ့ joystick ပေးဖြစ်လိုက်မယ်လေ။ ကားလက်ကိုင်အစား စက္ကူပိုင်းလေး တစ်ခု ပဲ ဖြစ်ဖြစ်၊ စီဒီချပ် ကလေးနဲ့ပဲဖြစ်ဖြစ် ဆော့ကြည့်လို့ရတာပေါ့။ လက်ရှိခေတ်ရဲ့ communication အရ လူတိုင်းလိုလိုမှာ ဝက်ကမ်ရှိပါတယ်လေ။ စမ်းကြည့်ကြပေါ့ ... Beginner များအတွက် အောက်မှာ ကူညီပေးထားပါတယ်။ ဆက်လက်ပြီး ဖတ်ရှုပေးပါ။






http://www.camspace.com/

အပေါ်မှာလင့်ပေးထားတယ်။ ဒေါင်းလုပ်သွားချလိုက်။ Beta ပဲ ရှိသေးတော့ freeware ပဲ။ ထွက်တာလည်း နှစ်နဲ့ ချီနေပြီ။ သူလည်း Beta က တက်မလာသေးဘူး။ Google ကြီးရဲ့ စတိုင်ကို အားကျတာလားတော့မသိဘူး။ ထုံးစံအတိုင်း downloaded and than Install ပေါ့။ run ပြီးလို့ program စဖွင့်တာနေ ပြောပြပါ့မယ်။ အီးမေးလ်လိပ်စာတစ်ခု တောင်းလိမ့်မယ်။ ထည့်ပေးပြီး Done

နှိပ်။




ထပ်ပေါ်လာတဲ့ screen မှာ ခလုပ်တစ်ခုကို ဂိမ်းရွေးဖို့အတွက် နှိပ်ခိုင်းလိမ့်မယ်။ icon နှစ်မျိုးလောက် မှတ်ထားလိုက်ရင် ဒီ software ကို ကောင်းကောင်းသုံးလို့ရပြီ။ အခု Icon က ဂိမ်းရွေးဖို့အတွက် ရည်ညွှန်းပါတယ်။ မှတ်ထားလိုက်ပါ။



ပထမဆုံး စပြီးစမ်းသပ်ရမှာဖြစ်လို့ ဘော်လုံးဖောက်တဲ့ ဂိမ်းတစ်ခုပဲ ဆော့လို့ရပါဦးမယ်။ အဲဒါပဲ ရွေးပေးလိုက်ပါ။




နောက်ထပ်မှတ်ထားရမယ့် icon တစ်ခုလာပြီ။ အဲဒါက မိမိအသုံးပြုမယ့် joystick ကို သူသိအောင် ပြပေးဖို့ပဲ။ အဲဒါကိုနှိပ်။




သူပြတဲ့ အမှတ်အသားနေရာမှာ မိမိသုံးမယ့် ပစ္စည်းကို ထောင်ပြပေးပါ။ ငါးစက္ကန့်အတွင်း ပြထားပေးလိုက်ရင် အောက်ပါအတိုင်း မိမိပြထားတာက ဂိမ်းရဲ့ icon ဖြစ်သွားပါတယ်။ (အနီးစပ်ဆုံးဖြစ်ဖို့တော့ လိုတာပေါ့၊ ကားမောင်းမှာဆိုရင် ဝိုင်းတဲ့အရာတစ်ခု၊ အခုလို ဘော်လုံးဖောက်ဖို့ဆိုရင် တုတ်တံ တစ်ချောင်း ကဲ့သို့ပေါ့)။ နောက်ခံအရောင်တွေထက် ထူးခြားတဲ့

အရောင်ဖြစ်မှပဲ ကောင်းမှာပါ။ မဟုတ်ခဲ့ရင် ဆော့နေရင်း ပစ္စည်းပျောက်ပျောက်သွားပါလိမ့်မယ်။




အောက်မှာ ပြထားတဲ့ပုံအတိုင်း ဘောလုံးနံပါတ် ၁ ကနေ ၅ အထိ အစဉ်လိုက် ထိအောင် ဖောက်ပေးလိုက်။



အဲဒါဆိုရင် အောက်ကပုံအတိုင်း ပြလာပါလိမ့်မယ်။ finish နှိပ်ပေးလိုက်ပါ။




အခုဆိုရင် မိမိကြိုက်ရာဂိမ်းကို ရွေးဆော့နိုင်ပါပြီ။ ဂိမ်းတစ်ခုကို ရွေးပေးလိုက်ပါ။ သေနတ်ပစ်ရတဲ့ ဂိမ်းမျိုးနဲ့ ပင်ပေါင်ရိုက်တဲ့ ဂိမ်းမျိုးက ဒီမှာ တော်တော်ဆော့လို့ကောင်းပါတယ်။ ဂိမ်းတစ်ခု အသစ်ဖင်တိုင်း joystick ကို ကွန်ပျူတာက သိအောင် ဂက်ကမ်ရှေ့မှာ ပြသရမယ့် ပုံစံကို ဗီဒီယို အနေနဲ့ ပြပေးပါတယ်။ ပြီးရင် သူ့အောက်မှာ next ဆိုပြီး ပေါ်ပါတယ်။ အဲဒါပြီးမှ ဂိမ်းဆီသွားမှာဖြစ်ပါတယ်။




ဘာရယ်ညာရယ် စကားရှည်စရာမလိုလောက်တော့ပါဘူး။ အဆင်ပြေကြမှာပါ။ အခုလောက်ရေးတာတောင် မလိုအပ်လောက်ပါဘူး ဘာလို့လဲ ဆိုတော့ ဒီဆော့ဖ်ဲလ်က guide တွေနဲ့ ညွှန်းပေးသွားတာပဲလေ။ ဒီလောက်လွယ်တာကို အဆင်မပြေမှာစိုးတာရယ်၊ ဘာလုပ်တာလဲ ဆိုတာ သိအောင်ရယ် ကျနော် လျှာရှည်လိုက်ပါတယ်။